
ADRA

# Mingalaba
# မင်္ဂလာပါ

I29 | AUGUST 22



## ဒေါ်နော်ဦး၏ ဇာတ်ကြောင်း

မိသားစုဘဝအတွက် အပြောင်းအလဲ

Mingalaba
မင်္ဂလာပါ

အတွဲ ၂၉ ဩဂုတ်လ ၂၀၂၂

# မာတိကာ


၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်


## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ Unicef Emergency WASH စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ ဒေါ်နော်ဦးပင် ဖြစ်ပါသည်။

Photo: © 2022 ADRA Myanmar| Ko Cho


အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Saw Lay Ka Paw, Naw Mu Mu Saw, Nang Nom Hsaing, Mya Yamone Htun, Naw Htoo Eh Wah, Nan Khin Khin Tun, Moe July Aung, David Cung Lan Thang , Aung Cho Min.

ထုတ်ဝေသူ
ADRA Myanmar

ADRA

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။





## မိသားစုဘဝအတွက် အပြောင်းအလဲ

အသက် ၆၂ နှစ်ရှိ ဒေါ်နော်ဦးသည် ကရင်ပြည်နယ်ရှိ ရွှေ့ပြောင်းဒုက္ခသည်စခန်းတွင် နေထိုင်သည့် စစ်ဘေးရှောင် ဒုက္ခသည်များထဲမှ တစ်ဦးအပါအဝင်လည်း ဖြစ်သည်။ သူမတွင် မိသားစုဝင် ရှစ်ဦးရှိပြီး သားတစ်ဦးမှာလည်း  မသန်စွမ်းသူဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ပဋိပက္ခများဖြစ်ပွားပြီး  မိသားစုသည် မြိုင်ကြီးငူဧရိယာသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။

စခန်းတွင် နေထိုင်ရခြင်းသည် ဒေါ်နော်ဦး၏ မိသားစုအတွက် အများနည်းတူ ခက်ခဲလှပေသည်။ ၂၀၂၁ ခုနှစ်တွင် UNICEF မှ ထောက်ပံ့သော Unicef Emergency WASH စီမံကိန်းသည် ကရင်ပြည်နယ်တွင် ရေနှင့် မိလ္လာဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိသည်။ စီမံကိန်း အကောင်အထည်ဖော်မှုအနေဖြင့် အရေးပေါ် မိသားစု အိမ်သာ ဆောက်လုပ်ခြင်းကို စီမံကိန်းလုပ်ငန်းများအနက်မှ တစ်ခုအဖြစ် ထည့်သွင်းပြီး မြိုင်ကြီးငူစခန်းတွင် ယင်လုံအိမ်သာ ၂၄၈ လုံး ဆောက်လုပ်ခဲ့သည်။

“အဲဒီမှာနေတော့ အိမ်သာရှိပေမယ့် ကျွန်မတို့နေတဲ့ နေရာနဲ့က ဝေးတယ်။ နောက်လူများတော့ စောင့်ရတာရှိတယ်။ သန့်ရှင်းမှုလည်း အားနည်းတယ်။” ဟု သူမက ဆိုသည်။

စခန်းတွင် လူဦးရေများပြားမှုကြောင့် ယင်လုံအိမ်သာများ အပါအဝင် လက်ဆေးစရာနေရာများသည် လုံလောက်မှုမရှိပေ။ အိမ်သာများအားလုံးသည် ခိုင်ခံ့မှုမရှိသည့်အပြင် တစ်ကိုယ်ရေသန့်ရှင်းမှုတွင်လည်း အားနည်းခဲ့ရသည်။

စခန်းကော်မတီဝင်တစ်ဦးက “ADRA က အခုတည်ဆောက်ထားတဲ့ အိမ်သာတွေက မိသားစုတစ်စုချင်းစီအတွက် သုံးပါတယ်။ ဒါကြောင့်ကြာရှည်စွာအသုံးပြုနိုင်ပါတယ်။ အရင်ကတော့ အများသုံးအိမ်သာတွေဆိုတော့လည်း ပြဿနာလေးတွေတချို့ရှိတာပေါ့လေ။ ရေအခက်အခဲတို့ အိမ်သာအသုံးပြုဖို့ အချိန်ယူ စောင့်ရတာမျိုးတို့ပေါ့”

“အခုအိမ်သာအသစ်ကတော့ ကျွန်မတို့အတွက် လုံခြုံစိတ်ချစေပါတယ်” ဟု ဒေါ်နော်ဦးက ပြောဆိုသည်။

UNICEF မှ ပံ့ပိုးပေးထားသော WASH စီမံကိန်းသည် ရပ်ရွာလူထု၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်အတွက် အိမ်သာများကို ဆောက်လုပ်ပေးခဲ့ရာ ယင်းစီမံကိန်းမှတဆင့် ဒေါ်နော်ဦးမိသားစုအပါအဝင် မိသားစု ၂၄၈ စုမှ ရပ်ရွာလူထု ၂၀၀၀ နီးပါး အကျိုးခံစားခဲ့ကြရသည်။

> “ မိသားစုတွေအတွက် သီးသန့်အိမ်သာနဲ့ဆိုတော့ အရင်ကထက် ပိုအဆင်ပြေပါတယ်။ နောက်ပြီး ကျွန်မသားတစ်ယောက်က မသန်စွမ်းသူဆိုတော့ အခုဆိုသူ့အတွက် ပိုအဆင်ပြေပါတယ်။ ကူညီထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

## သတင်းစကား



### ဟန်ချက်ညီသော အသက်တာ

ယနေ့ခေတ်သစ်ကမ္ဘာတွင် လူသားတို့၏ နေထိုင်မှုပုံစံကို ထိခိုက်စေသည့် အဓိကပြဿနာများထဲမှတစ်ခုမှာ အလုပ်နှင့်ဘဝ ဟန်ချက်ညီမှုကင်းမဲ့ခြင်းပင်ဖြစ်သည်။ ဘဝတွင် ဟန်ချက်ညီမှုကို ရှာဖွေခြင်းလုပ်ငန်းစဉ်သည် လူအများစုအတွက်စိန်ခေါ်မှုနှင့် ခက်ခဲသောလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။လူတိုင်းသည် ဟန်ချက်ညီမှုကို ကွဲပြားစွာ သတ်မှတ်ကြပေလိမ့်မည်။

တစ်ခါတစ်ရံတွင် မိဘများသည် ညဥ့်နက်မှ အိမ်ပြန်လာကြပြီး သူတို့၏ မိသားစုနှင့် အတူနေသောအချိန်မှာ နည်းပြီး အလုပ်ကိုသာ အာရုံစိုက်တတ်ကြသည်။ ကလေးများသည် မကြာခဏဆိုသလို မရည်ရွယ်ဘဲ လျစ်လျူရှုခံရရပါက တစ်နေ့တစ်ချိန်မှာ မိသားစုကြား ဘယ်လိုဆက်ဆံရေးမျိုး ဖြစ်လာမလဲဆိုတာသည် မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

ဒါကြောင့်အလုပ်အတွက်ရော၊သင့်မိသားစုအတွက်ပါသင့်အချိန်တွေကိုဘယ်လိုသုံးစွဲပြီး ဟန်ချက်ညီအောင်လုပ်မလဲဆိုတာကအရမ်းအရေးကြီးပါတယ်။ သင့်မိသားစုကို ချစ်ခင်ကြောင်းပြသရန် အချိန်ပေးခြင်းသည် သင့်အားလက်ဆောင်တစ်ခုအဖြစ် ပြန်လည်ထင်ဟပ်စေမည်ဖြစ်ပါသည်။

စိတ်ကူးကြည့်ပါ။ သင့်နားနဲ့ နှာခေါင်းက အရမ်းကြီးပြီး ကျန်တဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေက အရမ်းသေးငယ်နေတယ်ဆိုရင် ကြည့်ကောင်းမယ်လို့သင်ထင်ပါသလား။
အခြားတစ်ဖက်က ကြည့်ပါကလည်း၊ အကယ်၍ ကမ္ဘာကြီးသည် ငှက်များ၊ သစ်ပင်များနှင့် အခြားတိရစ္ဆာန်များမရှိဘဲ မြွေများနှင့်သာ ပြည့်နေပါက၊ ထိုကဲ့သို့ ဟန်ချက်မညီသော အခြေအနေတွင် သင်ပျော်ရွှင်နိုင်ပါ့မလား။စဉ်းစားကြည့်ပါ၊ သင့်ကြီးကြပ်ရေးမှူးက သင့်အား၊ သင်စီမံခန့်ခွဲနိုင်သည်ထက် အလုပ်တာဝန်ပိုပေးပါက၊ ဝန်ထမ်းများသည် မကြာမီအဖွဲ့အစည်းမှ ထွက်သွားကြပါလိမ့်မည် သို့မဟုတ်ပါကလည်း ဝန်ထမ်းများအပေါ် စိတ်ဖိစီးမှုကို ပိုမိုဖြစ်စေမည်သာဖြစ်ပါသည်။

အပန်းဖြေခြင်းသည် ကျွန်ုပ်တို့၏လူနေမှုပုံစံကို ဟန်ချက်ညီစေရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဘဝကို ဟန်ချက်ညီစေခြင်းသည် ပျော်ရွှင်မှုအနုပညာတစ်ခုကို ဖန်တီးခြင်းပင်သာဖြစ်ပါသည်။

နောက်ဆုံးအနေနဲ့၊ ပျော်ရွှင်စရာကောင်းတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အတွက်၊ အလုပ်ချည်းကိုသာ အာရုံစိုက်ခြင်း မဟုတ်ဘဲ၊ ဆုတောင်းခြင်း၊ အနားယူခြင်း၊ သူငယ်ချင်းများဆီသို့ သွားရောက်လည်ပတ်ခြင်း၊ မိသားစုနဲ့အတူ အချိန်ကုန်လွန်စေခြင်းတို့ကို ပြုလုပ်ရန်လည်း အကြံပြုလိုပါတယ်။

Justice
Compassion
Love

www.adramyanmar.org

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း




## SAW LAY KA PAW

Project Manager | SEAQE2

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
ကရင်လူမျိုးပါ။

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
ချာပါတီ၊ ပူရီ၊ စပါကတီ၊ မုန့်ဟင်းခါး။

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
ခရမ်းရောင်

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
ငါးမျှားခြင်း၊ အမဲလိုက်ခြင်း၊ ခရီးသွားခြင်း

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Switzerland

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Flexible

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

မေလ ၂၀၁၅ ခုနှစ်။

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

မိသားစုတစ်ခုအနေဖြင့် လုပ်ဆောင်ပြီးတော့ ကျွန်တော်တို့သည် အမျိုးအကျိုး အမှုတော်ထမ်းရန်၊ သင်ယူရန်၊ ကြီးထွားရန် နဲ့ အခြားသူများကိုလည်း ဘုရားသခင်တော်ရဲ့မေတ္တာတော်ကို ထင်ဟပ်လာစေရန် အခွင့်အရေးများရှိခြင်းကြောင့် နှစ်သက်ပါတယ်။

## ယခုလအတွက် ဓာတ်ပုံ



ဩဂုတ်လ

ဓာတ်ပုံ

BRIGHT PROJECT

ဓာတ်ပုံ၏အကြောင်း

Global Affairs Canada နှင့် ADRA Canada မှ ထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် ကယားပြည်နယ်ရှိ TEES ကျောင်းသားကျောင်းသူများအား အာဟာရထောက်ပံ့မှုပေးခဲ့သည်ကို တွေ့ရစဉ်။



## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ



## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်းဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

လားရှိုးမြို့တွင် အခြေခံနှင့် အဆင့်မြင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ လက်မှုသင်တန်း၊ အခြေခံစက်ချုပ်သင်တန်းနှင့် အခြေခံကွန်ပြူတာသင်တန်း အမှတ်စဉ် ၉ မှ ကျောင်းသား၊ကျောင်းသူ ၁၄၀ ဦး အတွက်  သင်တန်းစရိတ် ပေးချေပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

ထို့ပြင်သင်တန်းဆင်းပွဲမတိုင်မီ ကျောင်းသားကျောင်းသူများ၏ တတ်မြောက်မှုအား အကြိုစမ်းသပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်လေ့လာခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည်။

ယင်းနောက် သင်တန်းအမှတ်စဉ် ၉ သင်တန်းဆင်းပွဲအခမ်းအနားကို သင်တန်းဆရာ၊ ဆရာများနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၉ ဦးအပါအဝင် ကျောင်းသားကျောင်းသူ ၁၄၀ ဦးဖြင့် ဩဂုတ်လ ၃၁ ရက်နေ့က လားရှိုးမြို့တွင် ပြုလုပ်ခဲ့သည်။





## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

– ဩဂုတ်လ ၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ၁၄ ရက်ကြာ ALP ဆရာအတတ်သင်သင်တန်းကို ရှမ်းပြည်နယ်မြောက်ပိုင်း မှ သင်တန်းသား ၂၀ ဦး၊ ကယားပြည်နယ်မှ သင်တန်းသား ၁၅ ဦးတို့ဖြင့် ပြုလုပ်ခဲ့သည်။

–ကျား၊ မတန်းတူညီမျှရေးသင်တန်းကို ဩဂုတ် ၃ ရက်နေ့မှ ဩဂုတ်လ ၉ ရက်နေ့အထိ ကချင်ဗုဒ္ဓဘာသာအသင်းတော်တွင် စုစုပေါင်းသင်တန်းသား ၁၄ ဦးဖြင့် ပြုလုပ်ခဲ့သည်။

– အခြေခံစက်ချုပ်သင်တန်းပိတ်ပွဲအခမ်းအနားကို ကျင်းပပြီး အသက်မွေးဝမ်းကျောင်းကျောင်းသားကျောင်းသူ ၁၆ ဦးအား သင်တန်းဆင်း အောင်လက်မှတ်များနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

– Food processing သင်တန်း ၊ ဥယျာဉ်ခြံမြေသင်တန်း၊ ဆပ်ပြာပြုလုပ်ခြင်း သင်တန်းနှင့် အာဟာရသင်တန်းတို့ကို လွိုင်ကော်မြို့နယ်မှ အကျိုးခံစားခွင့်ရှိသူ ၄၅ ဦးအတွက် မိတ်ဖက် KNWO အဖွဲ့မှ တာဝန်ရှိသူများက သင်ကြားပို့ချပေးခဲ့သည်။










# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## MOFA

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ADRA Japan မှ ရန်ပုံငွေထောက်ပံ့ပေးထားသော MOFA စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလည်းပြီးစီးခဲ့သည်။

ရေတွင်းပြုပြင်ခြင်း၊ အိမ်သာများဆောက်လုပ်ခြင်း၊ ဆရာအဆောင်များဆောက်လုပ်ခြင်းတို့ ပါဝင်သော ကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းမှာလည်း ၁၀၀ ရာနှုန်းပြီးစီးခဲ့သည်။ ကျောင်းစီမံခန့်ခွဲမှုကော်မတီ (SMC) အစည်းအဝေးကိုလည်း ကျင်းပခဲ့ပြီး SMC အဖွဲ့ဝင်များသည် ကျောင်းအဆောက်အအုံများနှင့် ပရိဘောဂများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်လည်း MOFA စီမံကိန်းမှ သေချာစေခဲ့သည်။





## ELACAP

USAID မှ ရန်ပုံငွေပံ့ပိုးပေးထားပြီး မိတ်ဖက် CIDKP နှင့် ပူးပေါင်းဆောင်ရွက်နေသော ELACAP စီမံကိန်းသည် လှိုင်းဘွဲမြို့နယ်ရှိ ရေတွင်း ၅ တွင်း ပြုပြင်မွမ်းမံမှုမှာ အောင်မြင်စွာ ပြီးစီးခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်မှုအကျိုးရလဒ်အနေဖြင့် အိမ်ထောင်စု ၅၆၇ စု (အမျိုးသား ၁၇၆၆ ဦး၊ အမျိုးသမီး ၁၈၃၈ ဦး)တို့သည် သန့်ရှင်းသောရေကို ရယူသုံးစွဲနိုင်သည်လည်း ဖြစ်သည်။







# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## WCP

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WCP စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

- မြဝတီမြို့နယ်တွင် ရပ်ရွာလူထုနှင့် တွေ့ဆုံ၍ စီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းခြင်းကို ပြုလုပ်ခဲ့သည်။

- အခြေခံဒေတာ ကောက်ယူစုဆောင်းခြင်း သင်တန်းကို မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့တွင် ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် စာရင်းကောက်ယူမည့်သူ စုစုပေါင်း ၉ ဦး တက်ရောက်ခဲ့သည်။

- အချက်အလက်များ စုဆောင်းကောက်ယူရန် အခြေခံအချက်အလက်များ စုဆောင်းခြင်း လုပ်ငန်းစဉ်အဖြစ် FGD နှင့် KII အစည်းအဝေးများကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ပြုလုပ်ခဲ့သည်။





## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့ပါသည်။

Farmer Field School သင်တန်းကို ဒေသခံတောင်သူများအား ပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းကို စိုက်ပျိုးရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအရာရှိ၏ နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုအောက်တွင် ကျေးရွာအခြေစိုက်စေတနာ့ဝန်ထမ်းများက ဦးဆောင်ပို့ချပေးခြင်းဖြစ်သည်။ အဆိုပါသင်တန်းသို့ ဒေသခံတောင်သူ စုစုပေါင်း ၁၁၈ ဦး တက်ရောက်သင်ကြားခဲ့သည်။

ထို့ပြင်ရပ်ရွာလူထုအားစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း အစည်းအဝေးကိုလည်း စီမံကိန်းကျေးရွာ ခြောက်ရွာ အကျုံးဝင်သည့် အစုအဖွဲ့နေရာနှစ်ခုတွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ရပ်ရွာခေါင်းဆောင်များ၊ ကော်မတီဝင်များနှင့်တောင်သူများ (စုစုပေါင်း ၁၇၃ ဦး) တက်ရောက်ခဲ့ကြသည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

SEAQE2 စီမံကိန်းသည် ယခုလတွင် အခြေခံ စက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ဆံပင်အလှပြုပြင်ခြင်းနှင့် ကျေးလက်စက်ပြင်ခြင်းစသည့် ကာလတိုသင်တန်းများ သင်တန်းအမှတ်စဉ် ၂ ကို မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော MVA နှင့် KECD တို့၏ ပံ့ပိုးကူညီပေးမှုဖြင့် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းများသို့ စုစုပေါင်း ကျောင်းသား ၁၅၀ သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းခဲ့ပြီး သင်တန်းများသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြီးဆုံး၍ သင်တန်းသား၊သင်တန်းသားများအတွက် ရက်ပေါင်း၂၀ အလုပ်သင်ကာလအစီအစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## CASE2Learn

ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ADRA UK ၊ ADRA Germany၊ RISE တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော CASE2Learn စီမံကိန်းသည် အောက်ပါလှုပ်ရှားမှုများကိုဆောင်ရွက်ခဲ့သည်။

မိတ်ဖက်အဖွဲ့အစည်းဖြစ်သော TSYU ၏ဒေသတွင် TEES စာသင်ကျောင်း ၂၄ ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ်လတွင် နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်ရှိ စာသင်ကျောင်းများသို့ TEES ဆရာ အယောက် ၆၀ ကို စေလွှတ်ခဲ့သည်။

MTT နှင့် SMA များသည် မိုဘိုင်းလ်လှုပ်ရှားမှုများအတွက် ကျောင်းများသို့ စဉ်ဆက်မပြတ်သွားရောက်လည်ပတ်နေပြီး ကျန်ရှိသော စာသင်ကျောင်းများအတွက် သင်ကြားရေးနှင့် သင်ယူရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။







## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ်သိရှိနိုင်ရန် **www.adramyanmar.org/jobs** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။


**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org


**ADRA Myanmar** အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း **www.adramyanmar.org/report** တွင် ပေးပို့တင်ပြနိုင်ပါသည်။





# ADRA MYANMAR ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း

ADRA Myanmar သည် ရန်ကုန်ရုံးနှင့် နယ်စီမံကိန်းရုံးများရှိ ဝန်ထမ်းများအားလုံးအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း သင်တန်းကို ချောင်းသာကမ်းခြေရှိ Gerizim Resort Hotel တွင် ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းအစီအစဉ်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး၊ လိမ်လည်မှုနှင့် အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာအကြောင်းအရာများ၊ HR ဌာန၏မူဝါဒများအကြောင်းရှင်းလင်းခြင်းနှင့် စီမံကိန်းမန်နေဂျာများမှလည်း ၄င်းတို့စီမံကိန်းအသီးသီး၏လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍လည်း တင်ပြဆွေးနွေးခြင်းတို့ပါဝင်ခဲ့သည်။

ယင်းသင်တန်းသို့ အထူးဧည့်သည်တော်အဖြစ် ADRA အာရှဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးဖြစ်သူ Mark Webster ကတက်ရောက်ခဲ့သည်။












# ဝန်ထမ်းသစ် မိတ်ဆက်



**SOE THU NYEIN**
Business & Life Skills Officer
VESI Project




**CHAN MYAE AUNG**
Field Monitoring Assistant
BRIGHT Project



**NAING LANE**
Logistician
SHAPE Project

# CALENDAR



## SEPTEMBER 2022

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

**UPCOMING EVENTS**

Timesheets are due on the 25th of each month

Holidays:

**'MINGALABA'**
Next Volume:
15 October 2022

ADRA